# လူမှုမီဒီယာ စတင်အသုံးပြုခြင်း

**အွန်လိုင်း လူမှုမီဒီယာများ (Facebook, Tik Tok နှင့် Instagram ကဲ့သို့) သည် စာများ၊ ပုံများနှင့်တကွ ဗီဒီယိုများနှင့်ပင် မိသားစုနှင့် မိတ်ဆွေများအား ဆက်သွယ်နိုင်သည့်အတွက် အလွန်ကောင်းပါသည်။**

သို့သော်လည်း ထိခိုက်စေနိုင်သော အကြောင်းအရာကို မြင်တွေ့ခြင်း၊ မတော်တလျော် ဆက်ဆံခံရခြင်း၊ သို့မဟုတ် မသင့်လျော်သော စာများ ပေးပို့ခံရခြင်း ကဲ့သို့သော အန္တရာယ်များလည်း ရှိပါသည်။

## မေးရန် မေးခွန်း သုံးခု

အွန်လိုင်း လူမှုမီဒီယာ အများစုတွင် ဝင်ရောက်ရန် အနည်းဆုံး အသက် ၁၃ နှစ်ပြည့်ရန် လိုအပ်သည်။ သို့သော် ကလေးတစ်ဦးအနေဖြင့် အန္တရာယ်များကို စီမံနိုင်ရန်လည်း လိုအပ်ပါသည်။ သင့်ကလေးအား မေးရန်မေးခွန်း သုံးခုမှာ -

- အွန်လိုင်းတွင် ထိခိုက်နစ်နာစရာ တစ်ခုခုကို တွေ့ခဲ့လျှင် ဘာလုပ်မည်နည်း။
- အွန်လိုင်းစာ သို့မဟုတ် အွန်လိုင်းလူပုဂ္ဂိုလ်မှာ စိတ်ချရသည် ဟုတ်မဟုတ် မည်သို့သိနိုင်မည်နည်း။
- အွန်လိုင်းတွင် မကောင်းသောအရာ တစ်ခုခုဖြစ်ပွားလျှင် ဘာလုပ်မည်နည်း။

## သင့်ကလေးအား ကူညီပါ

eSafety ဝက်ဘ်ဆိုက်ရှိ**အီလက်ထရွန်းနစ်လုံခြုံရေး လမ်းညွှန် (eSafety Guide)** က သင့်ကလေး၏ အကောင့်ကို လုံခြုံအောင် သင လုပ်ပေးစေနိုင်သည်။

သင့်ကလေးအား ၎င်းတို့ လူမှုမီဒီယာ သုံးနေစဉ် ကြီးကြပ်ပေးခြင်းသည် ကောင်းသောနည်းလမ်းတစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူကြီးများ စိတ်ဝင်စားပြီး အနီးရှိနေသည့်အခါ ကလေးများက ပို၍ အကူအညီတောင်းခံလိုကြသည်။

## လူမှုမီဒီယာကို လုံခြုံစွာ အသုံးပြုခြင်း

ကလေးအား ၎င်းတို့၏ အကောင့်ကို မည်သို့အသုံးပြုလိုကြောင်း ပြောဆိုပါ။ ၎င်းတို့အား တိုက်တွန်းပေးရမည်မှာ-

- ၎င်းတို့ကိုယ်တိုင်နှင့် အခြားသူများအပေါ် ကြင်နာပြီး လေးစားပေးရန်
- ၎င်းတို့အား တစ်ယောက်ယောက်က အလွယ်တကူ ရှာနိုင်မည့် (၎င်းတို့၏ ကျောင်းဝတ်စုံ သို့မဟုတ် အိမ်လိပ်စာကဲ့သို့) အချက်များ မျှဝေခြင်းကို ရှောင်ကြဉ်ရန်
- လူမှုမီဒီယာတွင် မည်မျှ အချိန်ဖြုန်းမည်နှင့်ပတ်သက်၍ ကန့်သတ်ထားရန်အတွက် အက်ပ်၏ အသုံးပြုပုံများ (features) ကို သုံးစွဲရန်
- အွန်လိုင်း လုံခြုံရေး အကြောင်းကို လူငယ်များအတွက် အီလက်ထရွန်းနစ်လုံခြုံရေး အချက်အလက်များ (eSafety's information for **young people)**ကိုသုံး၍ ပိုမိုလေ့လာရန်

## လူမှုမီဒီယာရှိ ပြဿနာများကို ဖြေရှင်းခြင်း

တစ်စုံတစ်ယောက်အား အွန်လိုင်းဖြင့် ဖိအားပေးခြင်း၊ အနိုင်ကျင့်ခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းမှာ မည်သည့်အခါမျှ မသင့်တော်ပါ။ အွန်လိုင်း လူမှုမီဒီယာသို့ ပြဿနာ တစ်စုံတစ်ရာကို မည်သို့တိုင်တန်းရမည့်အကြောင်း သိရှိရန် အီလက်ထရွန်းနစ်လုံခြုံရေး လမ်းညွှန် (eSafety Guide) ကို သုံးပါ။ အကယ်၍ အွန်လိုင်း လူမှုမီဒီယာက အရေးယူဆောင်ရွက်မပေးပါက သင့်တော်သော ပံ့ပိုးမှုကို ရှာဖွေပေးစေရန် **အီလက်ထရွန်းနစ်လုံခြုံရေး (eSafety)** ကိုဆက်သွယ်ပါ ။



သင့်မိသားစု အွန်လိုင်း လုံခြုံရေးကို မည်သို့ထားရှိရမည့်အကြောင်း ပိုမိုသိရှိရန် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ရှိ **မိဘများအတွက် အီလက်ထရွန်းနစ်လုံခြုံရေး (eSafety Parents)**ကိုဖတ်ရှုပါ။